# မြန်မာနိုင်ငံ၏

## အကျဉ်းထောင်အခြေအနေနှင့်

# အကျဉ်းထောင်စနစ်

## ပြုပြင်ပြောင်းလဲရေးအလားအလာ



Design : Saw Wanna (Z.H)

# “မြန်မာနိုင်ငံ၏ အကျဉ်းထောင်အခြေအနေနှင့်
# အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး အလားအလာ”


**Assistance Association for Political Prisoners (Burma)**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



“မြန်မာနိုင်ငံ၏အကျဉ်းထောင်အခြေအနေနှင့် အကျဉ်းထောင်စနစ်
ပြုပြင်ပြောင်းလဲရေးအလားအလာ”

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ ရေးသားပြုစုထုတ်ဝေသည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလ

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

www.aappb.org

info@aappb.org



## နိဒါန်း

ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့သည့် အာဏာရှင်စနစ်နှင့် စစ်အစိုးရအုပ်ချုပ်ရေးကာလများလွန်မြောက်ပြီး မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာကိစ္စရပ်များသည် သက်ဆိုင်သူများအားလုံးအတွက် အလေးထားအာရုံစိုက်စရာများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုကျူး လွန်ခဲ့သူများအား ၎င်းတို့၏ ချိုးဖောက်မှုများအတွက် တာဝန်ခံမှုတာဝန်ယူမှုရှိစေရန်မှာ အထူးအရေးကြီးသည့် ကိစ္စရပ်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် ထိုကဲ့သို့သောချိုးဖောက်မှုများအား ဖယ်ရှားရန်နှင့် အနာဂတ်ကာလတွင် ထိုသို့သော ချိုးဖောက်မှုများထပ်မံမဖြစ်ပွားစေရေး အာမခံဆောင်ရွက်ရန်လည်း လုပ်ဆောင်ရမည့်အဆင့်များ ရှိနေပါသေးသည်။

ပြည်သူလူထု မျက်ကွယ်ဖြစ်သည့်အပြင် အကျဉ်းသားများအနေဖြင့် ရပ်ရွာလူထု၏စာနာနားလည်မှုအား ရရှိခံစားခွင့် နည်းပါးသဖြင့် အကျဉ်းထောင်များသည်ထိုသို့သောလူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနိုင်ခြေအလွန်များသည့် နေရာဒေသများဖြစ်ကြပါသည်။ ထိုကဲ့သို့သော အခြေအနေမှ ကျူးလွန်သူများအပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့်အခြေအနေဝန်းကျင်တစ်ရပ်အား ဖန်တီးပေးနေသည့်အတွက် အကျဉ်းသားများ၏ အခြေခံလူ့အခွင့်အရေးများ ချိုးဖောက်ခံရသည့်အခြေအနေသို့လည်းဦးတည်နိုင်ပါသည်။ အကျဉ်းထောင်စနစ်အား ပြုပြင်ပြောင်းလဲခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိတ်ပင်ဟန့်တားရေးအတွက် အရေးပါသည့်လုပ်ဆောင်ချက်တစ်ရပ် ဖြစ်ပါသည်။

ထို့အတွက် ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံအကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်ချက်များ၊ ဖြစ်နိုင်ခြေများနှင့် အကျိုးကျေးဇူးများအား လေ့လာသုံးသပ်တင်ပြထားပါသည်။ အစီရင်ခံစာမှ တစ်ဆင့်မြန်မာနိုင်ငံအကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေးအား စိတ်ဝင်စားသည့်လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား အချက်အလက်များပေးအပ်နိုင်ရန်နှင့် နောက်ဆက်တွဲအဖြစ် ပူးပေါင်းလုပ်ကိုင်နိုင်ရန်လည်း မျှော်လင့်ပါသည်။

**အခန်း ၁**

အစီရင်ခံစာ အကျဉ်းချုပ်အားဖော်ပြထားပြီး အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး မည်သည့်အတွက် လုပ်ဆောင်ရန်လိုအပ်ကြောင်း အသေးစိတ်ဖော်ပြထားပါသည်။ အကျဉ်းထောင်များနှင့် ပတ်သက်သည့် နိုင်ငံတကာသဘောတူစာချုပ်(hard law) များ၊ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်း (soft law) များ၊ ပြည်တွင်းဥပဒေများနှင့် လက်ရှိမြန်မာနိုင်ငံ



စစ်တွေအကျဉ်းထောင်

အကျဉ်းထောင်အခြေအနေများအားလည်း အကျဉ်းချုပ်သုံးသပ်ဖော်ပြထားပါသည်။ ထို့နောက်ဖြစ်နိုင်ခြေ အလားအလာရှိသည့် ပြုပြင်ပြောင်းလဲရေးများနှင့် ကြုံရနိုင်သည့် အခက်အခဲများအား ဖော်ပြထားပြီးနောက် ဆက်လက်သုတေသနပြုလုပ်ဆောင်ရန်လိုအပ်သည့် ကဏ္ဍများအားသုံးသပ်ကာ အခန်း ၁ အား နိဂုံးချုပ်ထားပါသည်။ အခြားအခန်းများသည်အခန်း ၁ ပါသုံးသပ်ချက်များအားအသေးစိတ်ဖော်ပြထားသည့်အခန်းများ ဖြစ်ကြပါသည်။

**အခန်း ၂**

သုတေသနလုပ်ဆောင်ချက်မှဖော်ပြထားသည့် အဓိက ကိစ္စရပ်များအား အသေးစိတ်ဖော်ပြထားပါသည်။ ကိစ္စရပ်တစ်ခုချင်းစီအတွက် ပုံစံတူသုံးသပ်ချက်များ ဖော်ပြထားပါသည်။ ကိစ္စရပ်နှင့် ပတ်သက်သည့် နိုင်ငံတကာစံချိန်စံနှုန်းများ၊ အခြားလူ့အခွင့်အရေး စံချိန်စံနှုန်းများအား ပထမဦးစွာဖော်ပြပြီး ဒုတိယပိုင်းတွင် သက်ဆိုင် သည့် ပြည်တွင်းဥပဒေအားဖော်ပြကာ နိုင်ငံတကာစံများနှင့် ဆက်စပ်သုံးသပ်ဖော်ပြပါသည်။ တတိယပိုင်းနှင့် နောက်ဆုံးအနေဖြင့် လက်ရှိမြန်မာနိုင်ငံအကျဉ်းထောင်အခြေအနေအား နိုင်ငံတကာနှင့်ပြည်တွင်းဆက်စပ်ဥပဒေ စံချိန်စံနှုန်းများနှင့် နှိုင်းယှဉ်အကဲဖြတ် သုံးသပ်ဖော်ပြထားပါသည်။

**အခန်း ၃**

ဖြစ်နိုင်ခြေအလားအလာရှိသည့်ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအား ဥပဒေပိုင်းဆိုင်ရာနှင့်လုပ်ငန်းစီမံခန့်ခွဲလည်ပတ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများအဖြစ် နှစ်ပိုင်းခွဲကာ သုံးသပ်ဖော်ပြထားပါသည်။

**အခန်း ၄**

ပြုပြင်ပြောင်းလဲရေးပြုလုပ်ရာတွင် အဓိကအခက်အခဲများအား ခွဲခြားရွေးထုတ် ဖော်ပြထားပါသည်။

**အခန်း ၅**

ဆက်လက်သုတေသနလုပ်ရန် လိုအပ်နေသေးသည့်ကဏ္ဍများအား ဖော်ပြထားပါသည်။

**အခန်း ၆**

အစိုးရ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အကြံပြုတိုက်တွန်းချက်များ ဖော်ပြထားပါသည်။

## မြန်မာအစိုးရနှင့် လွှတ်တော်သို့ အကြံပြုတိုက်တွန်းချက်များ

- လက်ရှိ အကျဉ်းကျခံနေရသော အကျဉ်းသားများနှင့် အကျဉ်းသားဟောင်းများအပေါ် ပြုကျင့်ခဲ့သော ညှဉ်းပန်းနှိပ်စက်မှုများနှင့် လူမဆန်စွာရက်စက်မှုများအတွက် လွတ်လပ်ပြီးဘက်မလိုက်သော စုံးစမ်းစစ်ဆေးရေးတစ်ခု ချက်ချင်းဖော်ဆောင်ပေးရန်။ ထိန်းသိမ်းခံများနှင့် အကျဉ်းသားများအား မဲန်ဒဲလားစည်းမျဉ်းနှင့်အညီ ကျင့်သုံးဆက်ဆံရန်။
- အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) နှင့် အပြည်ပြည်ဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုဆန့်ကျင်ရေး သဘောတူစာချုပ် (UNCAT) တို့အား ခြွင်းချက်မရှိ လက်မှတ်ထိုးရန်။
- အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပူးပေါင်း၍အကျဉ်းထောင်နှင့် သက်ဆိုင်သော ဥပဒေများအားအပြည်ပြည်ဆိုင်ရာစံချိန်၊စံနှုန်းများနှင့်အညီဖြစ်စေရေးအတွက် ပြန်လည်သုံးသပ်မှုပြုလုပ်ရန်။ ထိုလုပ်ငန်းစဉ်သည် အကျဉ်းထောင်ဥပဒေအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်၊စံနှုန်းများနှင့်အညီ ပြင်ဆင်ခြင်းဖြင့်စတင်သင့်သည်။
- လွတ်လပ်သော တရားစီရင်ရေးစနစ် ပေါ်ပေါက်လာစေရန် တရားရေးဝန်ကြီးဌာနအား ဖွဲ့စည်းပေးပြီး၊ အကျဉ်းထောင် စီမံအုပ်ချုပ်ရေးအား တရားရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးရန်။
- လူ့အခွင့်အရေးသင်တန်းများနှင့်အတူ အင်အားသုံးဖြေရှင်းခြင်းတို့အတွက် အပြည်ပြည်ဆိုင်ရာ စံချိန်၊စံနှုန်းများနှင့်အညီ လိုက်နာသိရှိကျင့်သုံးနိုင်ရန် အကျဉ်းထောင်ဝန်ထမ်းများအား လုံလောက်သောလေ့ကျင့်မှုနှင့် သင်တန်းများစီစဉ်ပေးရန်။
- အကျဉ်းသားများ လွတ်မြောက်သောအခါ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ရောက်ရန်နှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ရည်ရွယ်၍ အကျဉ်းသားများအတွက် ပညာသင်ကြားရေးနှင့် အသက်မွေးဝမ်းကြောင်းသင်တန်းများ စီစဉ်ပေးရန်။
- အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းစံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊မရှိ မြန်မာပြည်ရှိအကျဉ်းထောင်အခြေအနေများအား စောင့်ကြည့်နိုင်ရန် ပုံမှန်လုပ်ဆောင်မှုရှိပြီး ကန့်သတ်မှုမရှိသော ဝင်ရောက်စစ်ဆေးခွင့်ရှိသည့် လွတ်လပ်သော စောင့်ကြည့်ရေးယန္တရားတစ်ခု တည်ဆောက်ပေးရန်။
- လူ့အခွင့်အရေးချိုးဖေါက်မှုများ၊ အကျဉ်းထောင်တွင်း အခြေအနေများနှင့် အကျဉ်းကျခံခြင်းတို့နှင့် ပတ်သတ်ပြီး တိုင်တန်းနိုင်ရန်အတွက် တင်ပြတိုင်တန်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ယန္တရားတို့အားအကျဉ်းသားများလက်လှမ်းမီအောင် စီစဉ်ပေးရန်။
- မလိုအပ်ပဲချုပ်နှောင်ထားသူများအား (အခန်း ၃.၂.၅ အား ကိုးကားရန်) လွှတ်ပေးရန်နှင့် အကျဉ်းထောင်တွင်း လူဦးရေ များပြားပြည့်ကျပ်နေခြင်းအား လျော့ချနိုင်ရန်အတွက် ထောင်ဒဏ်ချမှတ်ခြင်းမဟုတ်ဘဲ အခြားသောအပြစ်ပေးခြင်း နည်းလမ်းများအား စဉ်းစားကျင့်သုံးရန်။

## မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများသို့ အကြံပြုတိုက်တွန်းချက်

- မြန်မာနိုင်ငံအစိုးရအနေဖြင့် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအား ဦးစားပေးအစီအစဉ်အဖြစ်စဉ်းစား၍ အထက်ပါ အကြံပြုတိုက်တွန်းချက်များအား ဖော်ဆောင်ရန်အတွက် ဝိုင်းဝန်းတွန်းအားပေး၊ စည်းရုံးလှုံ့ဆော်ပေးရန်။
- ဤသုတေသန အစီရင်ခံစာအားအသုံးပြုပြီး တိကျသေချာသောမူဝါဒရေးရာအကြံပြုတိုက်တွန်းချက်များ ဖော်ထုတ်၍ လွှတ်တော်သို့တင်ပြဆွေးနွေးပေးရန်။

## နိုင်ငံတကာ အသိုင်းအဝန်းသို့ အကြံပြုတိုက်တွန်းချက်

- အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအားမြန်မာပြည်ရှိဥပဒေပြုသူများမှ ဦးစားပေးလုပ်ငန်းအဖြစ် လုပ်ဆောင်လာစေရေး တိုက်တွန်းပေးရန်၊ ၎င်းတို့အား ထောက်ခံထောက်ပံ့ကူညီပေးရန်နှင့် အထက်ပါအကြံပြုတိုက်တွန်းချက်များအား မြန်မာအစိုးရမှ ဦးစားပေးအကောင်အထည်ဖော်လာစေရေး တိုက်တွန်းပေးသွားရန်။
- ပြည့်စုံကုံလုံသော လူ့အခွင့်အရေးစံနှုန်းများ၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီသည့် အကျဉ်းထောင်စနစ်တစ်ခုပေါ်ပေါက်လာစေရန် မြန်မာအစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထောက်ပံ့ကူညီရန်။

"အာဏာရှင်စနစ်မှနေပြီး ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် ပထမဆုံးပြောင်းလဲမှုမှာ အကျဉ်းထောင်စနစ်နှင့်ပတ်သက်၍ နိုင်ငံတော်လျှို့ဝှက်ချက်ဖြစ်သည်ကို အဆုံးသတ်လိုက်ခြင်း ပင်ဖြစ်သည်။ ထို့နောက်အရပ်ဖက်လူထုအခြေပြုအဖွဲ့အစည်းများနှင့် အများပြည်သူကို အကျဉ်း ထောင်သို့ ဝင်ရောက်ခွင့်ပြုခြင်းပင်ဖြစ်သည်။ ထိုသို့ပြုလုပ်ပြီး အရှိန်နည်းနည်းလေးရလာပြီ ဆိုတာနှင့်အမျှ နိုင်ငံရေးအရ ပြည်သူ၏ထောက်ခံမှုများရလာမည် ဖြစ်သည်။ လူ့အခွင့်အရေးတိုးမြှင့် စေရန် အလေးထားသော အစိုးရသစ်အာဏာရပြီဆိုလျှင် အထူးသဖြင့် ယခင်က နိုင်ငံရေးလှုပ်ရှားမှု များကြောင့် ဖမ်းဆီးထိမ်းသိမ်းခံခဲ့ရဖူးသူများ အစိုးရအဖွဲ့များတွင် ပါဝင်လာခဲ့လျှင် ထိုအစိုးရသစ် သည် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးဆိုသည်ကို ဦးစားပေးအဆင့်အဖြစ် ထားရှိလေ့ရှိပါ သည်"

လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး လက်စွဲစာအုပ် မှ
အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သည့်
ကောက်နုတ်ချက်။